# ဇရ

အမည်မသိ စာရေးဆရာ

အချိန်ကား နွေရာသီ၏ အပူဆုံးနေ့များထဲမှ တစ်နေ့ ဖြစ်သည်။ ကျွန်မတို့သည် တစ်လလုံးနီးပါး မိုးကို မမြင်ခဲ့ရပါ။ သီးနှံပင်များမှာလည်း သေဆုံးလုနီးပါး ရှိနေပါပြီ။ နွားများမှလည်း နွားနို့မရရှိတော့ပါ။ ချောင်းငယ်လေးများနှင့် စမ်းချောင်းများမှာလည်း အချိန်ကြာမြင့်စွာကပင် ခမ်းခြောက် သွားကြပြီဖြစ်သည်။ ထိုခြောက်သွေ့ရာသီကြောင့် လယ်သမားအများအပြားမှာလည်း ချွတ်ခြုံကျနေပြီဖြစ်သည်။

နေ့စဉ် ကျွန်မ၏ ခင်ပွန်းနှင့် သူ၏ ညီအစ်ကိုများသည် လယ်ကွင်းထဲသို့ ရေရရှိရန်၊ ခက်ခဲကြမ်းတမ်းသောနည်းစနစ်ဖြင့် လုပ်ဆောင်ရသည်။ မကြာသေးမီ အချိန်များက ဆောင်ရွက်ခဲ့သော ဤနည်းစံနစ်တွင် ထရပ်ကားကိုယူ၍ ဒေသတွင်း ရေပေးသည့်စက်ရုံမှ ရေများကို သွားရောက်ဖြည့်တင်း သယ်ဆောင်ရသည့် အလုပ်လည်း ပါဝင်ပါသည်။ သို့သော် ယခုအခါ လူတိုင်းအတွက် ရရှိသော ခွဲတမ်းစံနစ်မှာ အလွန်အကျွံ ဖြတ်တောက်ခြင်း ခံရပါသည်။ အကယ်၍သာ မကြာမီအချိန်အတွင်း မိုးကို မရရှိပါက ကျွန်မတို့သည် အရာရာကို ဆုံးရှုံးရပါလိမ့်မည်။ ထိုနေ့၌ ဝေမျှခြင်း၏ စစ်မှန်သော သင်ခန်းစာကို ကျွန်မ သိခဲ့ရပြီး တစ်ခုတည်းသော အံ့သြဖွယ်ရာ နိမိတ်လက္ခဏာကို ကျွန်မမျက်စိနှင့် တပ်အပ် မြင်ခဲ့ရပါသည်။

ကျွန်မသည် မီးဖိုချောင်ထဲတွင် ကျွန်မ၏ခင်ပွန်းနှင့်သူ၏ ညီအစ်ကိုများ စားသုံးရန် နေ့လည်စာကို ပြင်ဆင်ပေးနေသောအချိန်တွင် ကျွန်မ၏ ခြောက်နှစ်အရွယ် သားငယ် ဘီလီမှာ သစ်တောအုပ်တွင်းသို့ လမ်းလျှောက်သွားသည်ကို မြင်လိုက်ရသည်။ သူသည် လူငယ်များ၏ ထုံးစံအတိုင်း အပူအပင်ကင်းစွာ စိတ်လွတ်ကိုယ်လွတ် လမ်းလျှောက်သွားသည့် ပုံစံမျိုးမဟုတ်ဘဲ လေးနက်သည့် ရည်ရွယ်ချက်တစ်ခုဖြင့် လမ်းလျှောက်သွားနေသည်ကို တွေ့လိုက်ရပါသည်။ သူသည် တည်ငြိမ်အောင် ကြိုးစားရင်း အကြီးအကျယ် ကြိုးပမ်းအားထုတ်လျက် လမ်းလျှောက်နေခြင်းမှာ သိသာထင်ရှားလှသည်။ သူသည် တောအုပ်အတွင်းသို့ ပျောက်ကွယ်သွားပြီး မိနစ်များစွာအကြာမှ တဖန်ပြန်၍ အိမ်ဖက်ဆီသို့ ပြေးထွက်လာသည်။

သူဘယ်လို အလုပ်များ လုပ်ခဲ့ပါလိမ့်ဟု တွေးတောရင်း ကျွန်မသည် ဆင်းဒဝစ်ပေါင်မုန့်များ ပြုလုပ်ရန် အိမ်သို့ ပြန်ခဲ့ပါသည်။ သို့သော်လည်း အချိန်အနည်းငယ်အကြာတွင် သူသည် ခြေလှမ်းကျဲကျဲနှင့် ဖြေးဖြေးလှမ်းကာ သစ်တောအုပ်ထဲသို့ ဝင်သွားပြန်သည်။ တောထဲသို့ သတိထား၍ လျှောက်သွားလိုက်၊ အိမ်သို့ပြန်ပြေးလာလိုက်နှင့် လုပ်နေသည်မှာ နာရီဝက်ခန့် ကြာပါသည်။

နောက်ဆုံးတွင် ကျွန်မသည် အချိန်ကြာကြာ မစောင့်နိုင်တော့ဘဲ၊ အိမ်မှထွက်ပြီး ခြေသံဖွ၍နင်းကာ သူ၏ခရီး (သူသည် အရေးကြီးသည့်အလုပ်ကို လုပ်နေကြောင်း သိသာပြီး အမေသူ့အား စုံစမ်းစစ်ဆေးခြင်းကို မလိုချင်သည့်အတွက် မမြင်နိုင်အောင် သတိကြီးစွာထား၍ သွားသည့်ခရီး)အတိုင်း လိုက်ကြည့်ခဲ့ပါသည်။ သူသည် ထမင်းစားဇွန်း ၃ ဇွန်း (သို့) ၄ဇွန်းစာလောက် ရှိသည့်ရေများကို သူ၏ လက်ခုပ်ထဲတွင်ထည့်ပြီး ထိုအဖိုးတန်သည့်ရေများ ဖိတ်မကျစေရန် သတိကြီးစွာထား၍ လမ်းလျှောက်ခဲ့သည်။

သူသစ်တောအတွင်းသို့ဝင်သွားသောအခါ ကျွန်မသည် ခိုးကြောင်ခိုးဝှက်ဖြင့် သူ့အနားသို့ ကပ်သွားပါသည်။ သစ်ကိုင်းများ၊ ဆူးများသည် သူ၏ မျက်နှာအား ရိုက်မိသော်လည်း သူသည် ရှောင်ဖို့ မကြိုးစားပါ။ သူ့၌ အလွန်မြင့်မားသည့် ရည်ရွယ်ချက်ရှိပါသည်။ ကျွန်မသည် ခိုးကြောင်ခိုးဝှက်ဖြင့် သူ့ကို စောင့်ကြည့်သောအခါ အံ့အားသင့်စရာအကောင်းဆုံး မြင်ကွင်းကို မြင်လိုက်ရပါသည်။ ကြီးမားသည့် သမင်အများအပြားသည် သူ့ရှေ့၌ ဘွားကနဲ ပေါ်လာပါသည်။ ဘီလီသည် သူတို့ထံ လျှောက်သွားသောကြောင့် သူအဝေးသို့ ထွက်သွားရန် ကျွန်မသည် အော်မိလုနီးပါးဖြစ်သွားသည်။ ပြန့်ကား သည့် ဦးချိုဖြင့် သမင်ဖိုကြီးတစ်ကောင်သည် ကြောက်ဖွယ်လိလိ အနားကပ်လာခဲ့သော်လည်း ထိုသမင်ဖိုသည် သူ့အား မကြောက်လန့်စေခဲ့ပါ။ ဘီလီသည် ဒူးထောက်ထိုင်လိုက်စဉ် ထိုသမင်ဖိုသည် တုပ်တုပ်မျှ မလှုပ်ရှားပါ။ ထို့နောက် သမင်ပေါက်စလေးတစ်ကောင်သည် မြေပေါ်တွင် လဲလျောင်း နေသည်ကို ကျွန်မ တွေ့ခဲ့ရပါသည်။ ထိုသမင်လေးသည် ရေဓာတ်ကုန်ခန်း ၍ ခြေကုန်လက်ပန်းကျနေသည်မှာ သိသာလှပြီး အတတ်နိုင်ဆုံး ခေါင်းကိုမော့ကာ ကျွန်မ သားချောကလေး၏ လက်မှရေကို အားပါးတရ သောက်သုံးနေပါသည်။

ရေများ ကုန်သွားသောအခါ ဘီလီသည် အိမ်သို့ ခုန်ပေါက်ပြန်ပြေးသွားရာ ကျွန်မသည် သစ်ပင်အကွယ်တွင် ပုန်းနေလိုက်ပါသည်။ ကျွန်မသည် သူ၏နောက်မှလိုက်၍ အိမ်သို့ပြန်လာသောအခါ သူသည် ကျွန်မတို့ ရေဘုံဘိုင်ကို ပိတ်ရန် ဆို့ထားသည့် သစ်သားအဆို့ရှိရာသို့ သွားခဲ့ပြီး ထိုအဆို့ကို ဖွင့်လိုက်ရာ ရေစီးချောင်းငယ်လေး စီးကျလာပါသည်။ သူ၏ ကျောပေါ်သို့ နေရောင်ခြည်ပြင်းစွာ ကျရောက်နေသော်လည်း သူ သည် ဒူးထောက်လိုက်ပြီး သူ၏မရှိသုံးခွက်ကလေးဖြစ်သည့် သူ၏ လက်ခုပ်အတွင်းသို့ ရေကိုတစ်စက်ပြီးတစ်စက် ဖြည်းဖြည်းချင်း ဖြည့်နေပါသည်။

ထိုအခြင်းအရာကို ကျွန်မသည် ရှင်းစွာသိရှိလာပါသည်။ လွန်ခဲ့သည့်အပတ်ကသူသည် ရေပိုက်လုံးဖြင့်ဆော့၍ ဒုက္ခရောက်ခဲ့ရပြီး ဖြစ်ပါသည်။ ရေကို မဖြုန်းတီးရန် အရေးအကြီးဆုံးဖြစ်သည်ဟူသည့် ဆုံးမဩဝါဒကို သူခံယူခဲ့ပြီး ဖြစ်ပါသည်။ သူ့ကို ကူညီဖို့ရန် မခိုင်းခြင်းသည် ဤအကြောင်းအရင်းကြောင့် ဖြစ်ပါသည်။ သူ၏ လက်တွင်းသို့ ရေစက်များဖြည့်ရန် မိနစ် (၂၀)နီးပါး ကြာပါသည်။ သူသည်ထ၍ ခြေကျင်ခရီး ပြန်စမည့် အချိန်တွင် ကျွန်မသည် သူ့ရှေ့၌ ရပ်နေပါသည်။ သူ၏ မျက်လုံးမှာ မျက်ရည်များဖြင့်ပြည့်လျက် "ကျွန်တော် ဖြုန်းတီးနေတာမဟုတ်ဘူး"ဟု ပြောပါသည်။

သူပြန်၍ လမ်းလျှောက်သွားသောအခါ ကျွန်မသည် မီးဖိုချောင်ထဲမှ ရေအိုးငယ်လေးဖြင့် သူနှင့်အတူ လိုက်သွားပါသည်။ ကျွန်မသည် သူ့ကို သမင်ငယ်လေးဆီသို့ သွားခွင့်ပြုလိုက်ပြီး အဝေးမှသာ နေရစ်ခဲ့ပါသည်။ ဤသည်မှာ သူ၏ အလုပ်ဖြစ်ပါသည်။ ကျွန်မသည် သစ်တောအုပ် အစွန်းတစ်ဖက်မှာရပ်လျက် သူတစ်ပါး၏အသက်တစ်ချောင်းကို ကယ်ရန် ကြိုးစားအားထုတ်ရာတွင် ကျွန်မသိသမျှထဲမှ အလှပဆုံး နှလုံးသားပိုင်ရှင် သားငယ်လေးကို စောင့်ကြည့်နေပါသည်။

ကျွန်မ၏ ပါးပြင်ပေါ်၌ မျက်ရည်များ လိမ့်ဆင်းလာပြီး မြေပြင်ပေါ်သို့ တစ်စက်ပြီးတစ်စက် ကျလာပါတော့သည်။ ကျွန်မသည် ကောင်းကင်ပေါ်သို့ မော့ကြည့်ခဲ့ပါသည်။ ဘုရားသခင် ကိုယ်တိုင်ပင်လျှင် ဝုဏ်ယူခြင်းဖြင့် ငိုကြွေးနေမည်ဖြစ်သည်။

လူအချို့က ယင်းကို ကြီးမားသော တိုက်ဆိုင်မှုဟု ဆိုကြပေလိမ့်မည်။ ထိုအံ့ဖွယ် နိမိတ်လက္ခဏာသည် အမှန်တကယ် ရှိမည်မဟုတ်ဟု ဆိုကြလိမ့်မည်။ ဒါက တစ်ခါတစ်လေ မိုးရွာတတ်သားဘဲဟု ဆိုကြမည်။ ကျွန်မသည် ထိုကိစ္စနှင့်ပတ်သက်၍ အငြင်းမပွားနိုင်ပါ။ ကြိုးလည်း မကြိုးစားပါ။ ကျွန်မပြောနိုင်သည့် အရာအားလုံးမှာ ထိုနေ့က ကောင်ကလေးသည် အသက်တစ်ချောင်းကို ကယ်ခဲ့သည့်အတိုင်း ထိုနေ့ကရွာသွန်းခဲ့သောမိုးကြောင့် ကျွန်မတို့၏ လယ်ယာများမှာလည်း ဆက်လက်ရှင်သန်ခဲ့ရပါသည်။

